# လွတ်လပ်ရေးခေတ်စာပေအယူအဆများ
# (၁၉၄၈–၁၉၆၂)

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

အောင်မင်းနိုင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် **လွတ်လပ်ရေးခေတ်စာပေအယူအဆများ(၁၉၄၈–၁၉၆၂)**ကျမ်း ဖြစ်ပါသည်။ လွတ်လပ်ပြီးစနိုင်ငံတော်သစ်တွင်မြန်မာစာရေးဆရာတို့မည်သို့သောစာပေအယူအဆများ၊စာပေခံယူချက်များထားရှိ၍ ထိုစာပေအယူအဆများ၊ ခံယူချက်များသည် မြန်မာစာပေလောကအတွက်၊ မြန်မာစာဖတ်ပရိသတ်အတွက် မည်သို့သောအကျိုးတရားများရရှိစေခဲ့ကြောင်း၊မည်မျှဩဇာသက်ရောက်ခဲ့ကြောင်း ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် ဤကျမ်းကိုပြုစုပါသည်။ လွတ်လပ်ရေးခေတ်ဦးမှစ၍ လွတ်လပ်ရေးခေတ်တစ်လျှောက် ပေါ်ထွန်းခဲ့သော စာပေသစ်ကြွေးကြော်သံ၊ စာပေသစ်လှုပ်ရှားမှု၊ ပြည်သူ့စာပေလှုပ်ရှားမှုများနှင့်အတူ စာပေပညာရှင်၊ စာရေးဆရာများ၏ စာပေအယူအဆများကို စာပေရှုထောင့်မှ လေ့လာဖော်ထုတ်၍ ထိုစာပေအယူအဆများ၏ဩဇာသက်ရောက်ခဲ့မှုကို သက်ဆိုင်ရာကဏ္ဍအလိုက် သုံးသပ်တင်ပြထားပါသည်။ လွတ်လပ်ရေးခေတ်စာပေအယူအဆများကို လေ့လာတင်ပြရာ၌ (၁၉၄၈) မှ (၁၉၆၂)အတွင်း ပေါ်ထွက်ခဲ့သော မဂ္ဂဇင်း၊ဂျာနယ်များမှဆောင်းပါးများကို အဓိကအားပြုထားပါသည်။ ဂျာနယ်၊မဂ္ဂဇင်းများတွင်မရနိုင်သော အထောက်အထားများကို စာအုပ်စာတမ်းများမှယူ၍ကိုးကားလေ့လာ ပြထားပါသည်။ လွတ်လပ်ရေးခေတ်စာပေအယူအဆများစာပေလှုပ်ရှားမှုများကြောင့်မြန်မာစာပေလောကတွင် လူတန်းစားမျိုးစုံ၏ ဘဝအထွေထွေကိုထင်ဟပ်ဖော်ပြသောစာပေများပေါ်ပေါက်လာခဲ့ကြောင်း၊ ဤသို့လူတန်းစားပေါင်းစုံ၏ ဘဝအထွေထွေစရိုက်အသီးသီးကို ရေးသားဖော်ပြလာကြသဖြင့် မြန်မာစာပေတွင် လူတန်းစား ဘဝသရုပ်ဖော်စာပေများ ယခုမျက်မှောက်ခေတ်တိုင်အောင် ဆက်လက်ပေါ်ပေါက်လာကြောင်း တင်ပြထားပါသည်။